# လေလံကြော်ငြာ

## ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့

လေလံကြော်ငြာအမှတ်၊ ၁/၂၀၁၃ – ၁၄

ရက်စွဲ၊ ၂၀၁၄ – ခုနှစ်၊ မတ်လ (၂၅)ရက်

ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်၏ (၂၁. ၂. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ လင/အခ/၀၀၂၀၇ (၂၃၆၄ - ၆၆/၂၀၁၄)၊ ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၏ (၂၃. ၁. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ အခ/၀၀၉၅ (၈၇၅၅/၁၄) နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်ရုံး၏ (၃၁. ၁. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၈၇၃၀ - ၃၁/ထ(က)၂(လေလံ)တို့ဖြင့် ညွှန်ကြားချက်အရ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာအနီး၊ ပြင်ဦးလွင် - မန္တလေးကားလမ်း၊ ညာဘက်အေးရှိ ထင်းရှူးစိုက်ခင်း (၁/၁၉၈၁) နှင့် ကျွန်းစိုက်ခင်း (၁/၁၉၆၅)တို့အား မြန်မာ - တရုတ်ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းဖောက်လုပ်ခဲ့သဖြင့် ပြိုလဲပျက်စီးခဲ့သော ကျွန်းနှင့် ထင်းရှူးသစ်လုံး/တိုင်များမှ ကျွန်းတိုင် (၁၃၀)လုံး (၁၀. ၂၂၈)တန်နှင့် ထင်းရှူးတိုင် (၁၆၈)လုံး (၁၃. ၂၈၈)တန်အား အောက်ပါလပ်ပုံအမှတ်များဖြင့် ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး၌ ၂၀၁၄ ခုနှစ်၊ ဧပြီလ(၉)ရက်နေ့ (၁၀ း ၀၀)နာရီအချိန်တွင် (Open Tender) စနစ်ဖြင့် ပူးတွဲပါ လေလံစည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

| စဉ် | မြို့နယ် | လပ်ပုံ အမှတ် | အမျိုးအမည် | အရေ အတွက် | တန် | တည်နေရာ |
|---|---|---|---|---|---|---|
| ၁ | ပြင်ဦးလွင် | ၁ | ကျွန်းတိုင် | ၁၃၀ | ၁၀. ၂၂၈ | ပြင်စာဘိနယ်စခန်း |
| ၂ | ပြင်ဦးလွင် | ၂ | ထင်းရှူးတိုင် | ၉၄ | ၇. ၅၆၄ | ပြင်စာဘိနယ်စခန်း |
| ၃ | ပြင်ဦးလွင် | ၃ | ထင်းရှူးတိုင် | ၇၄ | ၅. ၇၁၆ | ပြင်စာဘိနယ်စခန်း |
| | | | စုစုပေါင်း | ၂၉၈ | ၂၃. ၅၀၈ | |

၂။ လေလံစည်းကမ်းချက်များကို တစ်စုံလျှင် ၃၀၀၀/- (ကျပ်သုံးထောင်တိတိ)ဖြင့် ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးတွင် ဝယ်ယူနိုင်ပါသည်။

စာအမှတ် ၊၄၆၆၆-၇၀ / ထ (က) ၅ (လေလံ)
ရက် စွဲ ၊ ၂၀၁၄ ခုနှစ် ၊ မတ်လ ( ၂၅ )ရက်

မိတ္တူကို
၁။ ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။
၂။ လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့။
၃။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့။
၄။ မန်နေဂျာ၊ ပြင်ဦးလွင်သစ်ထုတ်ရေးဒေသ၊ မြန်မာ့သစ်လုပ်ငန်း၊ ပြင်ဦးလွင်မြို့။
၅။ မြို့နယ်စာရင်းစစ်အရာရှိ၊ ပြင်ဦးလွင်မြို့နယ်စာရင်းရုံး၊ ပြင်ဦးလွင်မြို့။
၆။ မျှောစာတွဲ။
၇။ ရုံးလက်ခံ။

## သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့
## ကျွန်း နှင့် ထင်းရှူးတိုင်များ လေလံတင်ရောင်းချရန်အတွက်
## လေလံကြော်ငြာအမှတ်၊ ၁/၂၀၁၃ – ၁၄
## စည်းကမ်းချက်များ

၁။ ပြင်ဦးလွင်မြို့နယ်တွင်တည်ရှိသော လေလံတင်ရောင်းချမည့် ကျွန်း/ထင်းရှူးတိုင်များ (၂၉၈)လုံး၊ (၂၃. ၅၀၈)တန်ကို သွားရောက်ကြည့်ရှုရန်နှင့် မျက်မြင်အခြေအနေအတိုင်း သစ်တောဦးစီးဌာနမှ (Open Tender) စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံဆွဲဝယ်မည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသား/နိုင်ငံသား စိစစ်ရေးကတ်ပြား ပြသနိုင်သူဖြစ်ရမည်။

၃။ လေလံတင်ရောင်းချခြင်းကို ပြင်ဦးလွင်ဦးစီးအရာရှိရုံးတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ (၉)ရက်၊ နံနက် (၁၀ : ၀၀)နာရီတွင် လေလံတင်ရောင်းချပါမည်။

၄။ (Open Tender) စနစ်ဖြင့် လေလံတင်ရောင်းချမည့် ကျွန်း/ထင်းရှူးတိုင် (၂၉၈)လုံး (၂၃. ၅၀၈)တန်ကို လေလံတင်ရောင်းချရေးအဖွဲ့မှ ထုတ်ပေးမည့် ကြည့်ရှုခွင့်လက်မှတ်ဖြင့် (၄. ၄. ၂၀၁၄)ရက်နေ့မှစ၍ လေလံမတင်မီတစ်ရက်အလို ရုံးချိန်အတွင်း (ရုံးပိတ်ရက်မှအပ) ကြည့်ရှုနိုင်သည်။

၅။ လေလံဆွဲဝယ်မည့်သူများသည် လပ်ပုံတစ်ခုစီအတွက် စဘော်ငွေ (၅၀၀၀၀/-) (ကျပ်ငါးသောင်းတိတိ) ကို ငွေသားဖြင့် ပြင်ဦးလွင်မြို့နယ်၊ ဦးစီးအရာရှိရုံး၌ (၇. ၄. ၂၀၁၄)ရက်နေ့မှ (၈. ၄. ၂၀၁၄)ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါအတိုင်း ပေးသွင်းရမည်။

(က) ပေးသွင်းထားသော စဘော်ငွေများကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ ထုတ်ပိုးလက်ခံပြီး သိမ်းဆည်းထားပါမည်။

(ခ) ပြန်လည်ထုတ်ပေးသည့်အခါ၌လည်း အထုတ်လိုက် ပြန်လည်ထုတ်ပေးပါမည်။

(ဂ) စဘော်ငွေ ပေးသွင်းသောငွေစက္ကူများတွင် သုံးမရသော တရားမဝင် ငွေစက္ကူများပါရှိပါက သစ်တောဦးစီးဌာနမှ တာဝန်မယူပါ။

၅။ စဘော်ငွေပေးသွင်းပြီးဖြစ်ကြောင်း ငွေရပြေစာ (မူရင်း)နှင့် လေလံစည်းကမ်းချက်များ တင်ပြနိုင်သူကိုသာ လေလံဆွဲဝယ်ခွင့်ပေးမည် ဖြစ်ပါသည်။

၆။ (Open Tender) စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်မည့်သူမှ လပ်ပုံ(၁)ခုစီအလိုက် ဈေးပေး၍ စာအိတ်ဖြင့် လေလံတင်ရောင်းချရေးအဖွဲ့ထံ တင်သွင်းရမည်။

၈။ လေလံဆွဲဝယ်အောင်မြင်ခြင်းမရှိသောသူများ၏ စဘော်ငွေကို လေလံပြီးဆုံးသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိက လေလံတင်ရောင်းချရေးအဖွဲ့မှ ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်။

၉။ လေလံဆွဲဝယ် အောင်မြင်သူသည် တန်ဖိုး၏ (၂၅ %)ကို (၁၀. ၄. ၂၀၁၄)ရက်နေ့ (၁၆ : ၃၀)နာရီ အချိန်အတွင်း လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းရမည်။

၁၀။ လေလံအောင်မြင်သူသည် တန်ဖိုးငွေ အပြည့်အဝပေးသွင်းခြင်းကို (၂၂. ၄. ၂၀၁၄)ရက်နေ့ (၁၆ : ၃၀)နာရီအတွင်း ပေးသွင်းရမည်။ သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက ပေးသွင်းထားသည့် ငွေနှင့် စဘော်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ပါသည်။

၁၁။ လေလံအောင်မြင်သူသည် တန်ဖိုးငွေအပြည့်အဝကို သစ်တောဦးစီးဌာန လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းပြီးမှသာ ဆွဲဝယ်ရရှိသည့် ကျွန်း/ထင်းရှူးတိုင်များအား ရောင်းတံဆိပ် ရိုက်မှတ်ပေးခြင်း၊ ဘီလ်ပြေစာ/သစ်အတိုင်းစာရင်း ထုတ်ပေးခြင်းနှင့် လေလံဆွဲဝယ်ရရှိသည့် ကျွန်း/ထင်းရှူးတိုင်များ ထုတ်ယူခြင်းကို လေလံတင်ရောင်းချရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁၂။ လေလံဆွဲဝယ်အောင်မြင်သူသည် ငွေများအပြေအလည်ပေးသွင်းပြီးနောက် ရောင်းတံဆိပ်ရိုက်မှတ်၍ ဘီလ်ပြေစာထုတ်ပေးပြီး (၇)ရက်အတွင်း သယ်ဆောင်ရမည်ဖြစ်ပြီး ၎င်းရက်နောက်ပိုင်းတွင် ပစ္စည်းများ ပျောက်ဆုံးခြင်းကို တာဝန်ယူမည်မဟုတ်ပါ။

၁၃။ လေလံဆွဲဝယ်အောင်မြင်သူသည် တန်ဖိုးငွေအပြည့်အဝ ပေးချေပြီးပါက အောက်ပါစာရွက်စာတမ်းများကို ပြသပြီး လေလံဆွဲဝယ်ရရှိသည့် ကျွန်း/ထင်းရှူးတိုင်များကို ထုတ်ယူနိုင်ပါသည်။

(က) အမျိုးသား/နိုင်ငံသားစိစစ်ရေးကတ်ပြား
(ခ) ကိုယ်စားလှယ်မှ ထုတ်ယူလျှင် တရားဝင်ကိုယ်စားလှယ်စာ
(ဂ) သစ်တောဦးစီးဌာနမှ ထုတ်ပေးသော ဘီလ်ပြေစာ/သစ်အတိုင်းစာရင်းနှင့် ငွေပေးသွင်းပြီးကြောင်း ချလံ/ပြေစာ။

၁၄။ လေလံတင်ရောင်းချရေးအဖွဲ့သည် အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမရှိဘဲ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ခွင့်ရှိသည်။ ဤကဲ့သို့ ပယ်ဖျက်ခြင်းခံရပါက တင်သွင်းပေးဆောင်ထားသည့် စဘော်ငွေ အပါအဝင် စရံငွေများကို လေလံဆွဲဝယ်ထားသူအား ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။

၁၅။ လေလံဆွဲဝယ်အောင်မြင်သည့် ကျွန်း/ထင်းရှူးတိုင်များအား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

လေလံတင်ရောင်းချရေးအဖွဲ့
သစ်တောဦးစီးဌာန
ပြင်ဦးလွင်မြို့။